
ဘာသာပြန် စာရေးဆရာ – အပြုံးလေး
သိုင်းပါရဂူ
(ချင်းချန်)
(Chapter 3198 - 3212)
စာစဉ်–၁၆၂

သိုင်းပါရဂူ

စာစဉ် ( ၁၆၂ )

အပိုင်း ( ၃၁၉၈ + ၃၁၉၉)

ဂန်ဟန်အင်ပါယာနန်းတော်မှလည်း ကြောက်စရာကောင်းသောအစီရင် တစ်ခု ထွက်ပေါ်လာ၏။

ထိုအစီရင်က ထျန်းဂေါင်လက်နက်ပညာရှင်အဖွဲ့အစည်းမှလူများကို ဖုံးလွှမ်းသွားခဲ့ပြီး သန်မာသော အလင်းတန်းများ ဖြာထွက်လာသည်။

အကြီးအကဲထျန်းရန်၏မျက်နှာအမူအရာ ပြောင်းလဲသွား၏။

ထျန်းဂေါင်လက်နက်ပညာရှင်အဖွဲ့အစည်းမှ ကောင်းကင်သခင် အလယ်အလတ်အဆင့် ကျင့်ကြံသူများ၏ မျက်နှာအမူအရာကလည်း ပြောင်းလဲသွားသည်။

သူတို့၏ခန္ဓာကိုယ်ထဲရှိ ချီများပင် အေးခဲသွားသည်ဟု ခံစားနေရ၏။

ဂန်ဟန်အင်ပါယာနန်းတော်သခင်မက ကောင်းကင်သခင် အလယ်အလတ်အဆင့်ကို ဖြတ်ကျော်လာသည်မှာ မကြာမြင့်သေးပေ။ အဘယ့်ကြောင့်ဤကဲ့သို့သောစွမ်းအားကို ထုတ်ဖော်နိုင်သနည်း။

ဂန်ဟန်အင်ပါယာနန်းတော်သခင်မကတော့ သူမ၏ခန္ဓာကိုယ်တစ်ခုလုံးမှ အေးစက်သောစွမ်းအားများထွက်ပေါ်နေပြီး လေထုထဲတွင် ဝဲကြွားစွာရပ်နေကာ ထျန်းဂေါင်လက်နက်ပညာရှင်အဖွဲ့အစည်းမှလူများကို စိုက်ကြ

ည့်နေသည်။

ထိုအချိန်တွင် ဂန်ဟန်အင်ပါယာထဲမှ ကောင်းကင်သခင်အဆင့် ကျင့်ကြံသူများ၏အရှိန်အဝါများ ထွက်ပေါ်လာ၏။

ယောင်ဟီအင်ပါယာခေါင်းဆောင်၊ လင်းရှုယ်နန်းတော်သခင်မ၊ မင်ဟုခန်းမခေါင်းဆောင်၊ တိုင်ရန်ဇောင်အဖွဲ့အစည်းခေါင်းဆောင် စသည့် ကောင်းကင်သခင်အစောပိုင်း အထွတ်ထိပ်အဆင့်တွင်ရှိသောလူများနှင့် ဝေဇီကျင်း၊ ကျိုးဝူ၊ ချီဂိုဖန်း၊ ကွမ်မုလီ စသည့်ကောင်းကင်သခင် အစောပိုင်း အဆင့်ကျင့်ကြံသူများက လေထုထဲတွင်ထွက်ပေါ်လာသည်။

ထိုလူများက ထျန်းဂေါင်လက်နက်ပညာရှင်အဖွဲ့အစည်းမှလူများကို အေးစက်စွာစိုက်ကြည့်နေကြ၏။

သူတို့အားလုံးသည် ထျန်းဂေါင်လက်နက်ပညာရှင် အဖွဲ့အစည်းမှလူများနှင့် မျက်နှာချင်းဆိုင်နေရသော်လည်း ကြောက်ရွံ့မှုလုံးဝမရှိသည့်အပြင် အဆုံးမဲ့တိုက်ပွဲဝင်လိုစိတ်များက သူတို့၏ခန္ဓာကိုယ်တွင် ဖြာထွက်နေသည်။

" ယောင်ဂွမ်မင်းက ကောင်းကင်သခင် အလယ်အလတ်အဆင့်ကို ဖြတ်ကျော်သွားတာနဲ့ မင်းကိုယ်မင်းဘာကောင်ထင်နေတာလဲ၊ ငါမင်းကို တကယ်ပဲသင်ခန်းစာမပေးနိုင်ဘူးလို့ ထင်နေတာလား "

ထိုအချိန်တွင် ရန်လောင်၏အသံက ဒေါသတကြီး ထွက်ပေါ်လာ၏။

သူ၏နဖူးမှ အပြာရောင်သွေးပြန်ကြောများ ဖောင်းတက်လာပြီး ခန္ဓာကိုယ်မှကြောက်စရာကောင်းသော အနက်ရောင်ရဏ်းများ ထွက်ပေါ်လာသည်။

ထိုရဏ်းများက အနိူင်းမဲ့နက်ရှိုင်းသည့်စွမ်းအားကို ပိုင်ဆိုင်ထားပြီး တောင်နှင့်ပင်လယ်များကိုပင် ဖျက်ဆီးနိုင်စွမ်းရှိသည်ဟု လူတိုင်းခံစားနေ

ရ၏။

သို့သော်လည်း…

သူဆက်လက်တိုက်ခိုက်လိုက်ခြင်းမရှိချေ။

အဘယ့်ကြောင့်ဆိုသော် အကြီးအကဲထျန်းရန်က ရန်လောင်၏ရှေ့တွင် တိုက်ရိုက်ထွက်ပေါ်လာသောကြောင့်ဖြစ်သည်။

" လုံလောက်ပြီ "

" အကြီးအကဲထျန်းရန် ဒီကောင့်ကိုကျွန်တော် သင်ခန်းစာတစ်ခုပေးပါရစေ၊ ဒီကောင်က ကိုယ့်ကိုယ်ကိုယ်သောက်ဘဝင်မြင့်နေတယ် "

ရန်လောင် ဒေါသတကြီးပြောလိုက်၏။

" ရန်လောင်မင်းက ထျန်းဂေါင်လက်နက်ပညာရှင်အဖွဲ့အစည်းရဲ့ စည်းမျဉ်းဥပဒေကို ချိုးဖောက်ချင်နေတာလား၊ မင်းသာယောင်ဝွမ်နဲ့ဆက်ပြီး တိုက်ခိုက်မယ်ဆိုရင် ဂန်ဟန်အင်ပါယာကလည်း ပါဝင်လာလိမ့်မယ်၊ ထျန်းဂေါင်လက်နက်ပညာရှင်အဖွဲ့အစည်းက အင်ပါယာတွေနဲ့ တိုက်ခိုက်လို့မရဘူး "

အကြီးအကဲထျန်းရန် ဒေါသတကြီးပြောလိုက်သည်။

သူ၏ခန္ဓာကိုယ်ရှိအရှိန်အဝါများကို ထိန်းချုပ်ထားသော်လည်း သူ၏မျက်နှာကတော့ ဒေါသအလွန်ထွက်နေကြောင်း သိသာလှ၏။

အကြီးအကဲထျန်းရန်က ထိုသို့ပြောလိုက်သည့်အချိန်တွင် ရန်လောင်၏ခန္ဓာကိုယ်မှ အရှိန်အဝါများ လျော့ကျသွားသလို ဂန်ဟန်အင်ပါယာနန်းတော်သခင်မနှင့် ကျန်သူများ၏ခန္ဓာကိုယ်မှ အရှိန်အဝါများကလည်း ပြန်လည်၍ရုတ်သိမ်းသွားကြသည်။

ချက်ချင်းပင် မြင်ကွင်းကပြန်လည်တည်ငြိမ်သွား၏။

" အကြီးအကဲထျန်းရန် ချင်းချန်ကတကယ်ကို ဂန်ဟန်အင်ပါယာထဲမှာမရှိဘူး၊ ပြင်ပလူတွေက ဂန်ဟန်အင်ပါယာကို အကြိမ်ကြိမ်ပစ်မှတ်ထားပြီး တိုက်ခိုက်နေကြတော့ မတော်တဆရန်ကကာကွယ်ဖို့နဲ့ သူ့ရဲ့လုံခြုံရေးအတွက် ချင်းချန်ကဂန်ဟန်အင်ပါယာနန်းတော်က ထွက်ခွာသွားတယ် "

" သူဘယ်သွားလဲဆိုတာကိုတော့ ငါတို့ကိုတောင်မပြောသွားဘူး "

ဂန်ဟန်အင်ပါယာနန်းတော်သခင်မက နတ်ဘုရားမတစ်ပါးကဲ့သို့ ရဲရင့်သောပုံစံဖြင့် အေးစက်စွာပြောလိုက်သည်။ သူမသည် နှိမ့်ချခြင်းလည်းမရှိသလို သည်းခံခြင်းလည်းမရှိပေ။

" ဟား ဟား ငါနားလည်ပြီ၊ ငါတို့အားလုံးကလည်း ချင်းချန်ရဲ့လုံခြုံရေးကိုကာကွယ်ဖို့အတွက် ဒီကိုလာခဲ့တာပဲ၊ ဂန်ဟန်အင်ပါယာမှာ သူမရှိတဲ့အတွက် ချင်းချန်ကို အမြန်ဆုံးဆက်သွယ်ပေးဖို့ ဂန်ဟန်အင်ပါယာနန်းတော်သခင်မကို တောင်းဆိုပါရစေ၊ ထျန်းဂေါင်လက်နက်ပညာရှင် အဖွဲ့အစည်းဌာနချုပ်က သူ့အတွက်အလုံခြုံဆုံးပဆိုတာလေး ပြောပေးပါ "

ဂန်ဟန်အင်ပါယာနန်းတော်သခင်မ ခေါင်းညိတ်လိုက်၏။

" ဒါဆိုငါတို့သွားလိုက်ဦးမယ် "

အကြီးအကဲထျန်းရန် ပြုံးလိုက်ပြီး ယောင်ဂွမ်ကိုကြည့်ကာ...

" ယောင်ဂွမ်မင်းက ကောင်းကင်သခင်အလယ်အလတ်အဆင့်ကို ဖြတ်ကျော်သွားပြီဆိုတော့ ဌာနချုပ်က မင်းကိုပေးထားတဲ့အပြစ်ကို ပယ်ဖျက်လို့ရနေပြီ၊ ငါတို့နဲ့အတူဌာနချုပ်ကို တစ်ခါတည်းပြန်လိုက်လာချင်လား "

" အကြီးအကဲ ဒီဂျူနီယာက တချို့ညှိနှိုင်းစရာလေးတွေရှိတဲ့အတွက် အခုချိန်မှာပြန်မလိုက်ချင်သေးပါဘူး "

" ကောင်းပြီ "

အကြီးအကဲထျန်းရန် ခေါင်းညိတ်လိုက်ပြီး…

" ဒါဆိုငါတို့အရင်သွားနှင့်မယ် "

ထိုသို့ပြောပြီးသည်နှင့် အကြီးအကဲထျန်းရန်သည် ရန်လောင်အပါအဝင် ကျန်သူများကိုခေါ်ကာ အနက်ရောင်စစ်သင်္ဘောကြီးဖြင့်ပြန်လည်၍ ထွက်ခွာသွားသည်။

" အုန်း "

စစ်သင်္ဘောကြီးမှာ အနက်ရောင်အလင်းတန်းကြီးတစ်ခုနှင့်အတူ တစ်ခဏအတွင်း ဂန်ဟန်အင်ပါယာနန်းတော်ထဲမှ ပျောက်ကွယ်သွား၏။

" ဟမ့် ထျန်းဂေါင်လက်နက်ပညာရှင်အဖွဲ့အစည်း ဌာနချုပ်ကလူတွေက ဒီလိုပုံစံတွေချည်းပဲလား၊ ယောင်ဂွမ် သူတို့အားလုံးက နင့်ထက်တောင်ဆိုးကြသေးတယ် "

ဂန်ဟန်အင်ပါယာနန်းတော်သခင်မ ထွက်ခွာသွားသောစစ်သင်္ဘောကိုကြည့်ပြီး အေးစက်စွာပြောလိုက်သည်။

ခေါင်းဆောင်ယောင်ဂွမ် မချိပြုံးပြုံးလိုက်ပြီး…

" နန်းတော်သခင်မ ကျေးဇူးပြုပြီး ငါ့ကိုခနဲ့တာတွေရပ်ပေးနိုင်မလား "

ထို့နောက်သူ မျက်မှောင်ကြုတ်ကာ ဆက်ပြောလိုက်၏။

" ဒါပေမဲ့ဒီတစ်ခေါက်က နည်းနည်းထူးဆန်းတယ်၊ အကြီးအကဲထျန်းရန် လာတယ်ဆိုတာကတော့ ပုံမှန်ပဲဘာပြဿနာမှမရှိဘူး၊ သူကထျန်းဂေါင်လက်နက်ပညာရှင်အဖွဲ့အစည်းရဲ့ ပြင်ပကိစ္စတွေကို ကိုင်တွယ်ဖြေရှင်းရတဲ့သူ၊ ဒါပေမဲ့ရန်လောင်က ဘယ်လိုဖြစ်လို့ဒီကိုပါလာတာလဲ "

" သူသာပါလာရင် ငါနဲ့အခုလိုတိုက်ပွဲဖြစ်မယ်ဆိုတာ ဌာနချုပ်က ကျိန်းသေပေါက်သိမှာ၊ ဘာလို့သူ့ကိုထည့်ပေးလိုက်ရတာလဲ "

ခေါင်းဆောင်ယောင်ဂွမ် အံ့သြစွာဖြင့်ပြောလိုက်သည်။

ဌာနချုပ်ကချင်းချန်ကိုတန်းဖိုထားသဖြင့် သူနှင့်ရန်ဘက်ဖြစ်သောရန်လောင်အား ပဋိပက္ခဖြစ်စေရန်အတွက် ထည့်ပေးလိုက်မည်မဟုတ်ချေ။

ဂန်ဟန်အင်ပါယာနန်းတော်သခင်မ ထိုစကားကြားလျှင် လှောင်ပြုံးပြုံးလိုက်၏။

" နင် ချင်းချန်ပြောခဲ့တဲ့ကိစ္စကိုမမေ့နဲ့၊ ချင်းချန်ကထျန်းဂေါင်လက်နက်ပညာရှင်အဖွဲ့အစည်းက လူတွေအကြောင်းပြောခဲ့တာ အစကဘာလို့ပြောခဲ့လဲနားမလည်ပေမဲ့ အခုတော့နားလည်သွားပြီ "

" နန်းတော်သခင်မ မင်းပြောချင်တာက ထျန်းဂေါင်လက်နက်ပညာရှင်အဖွဲ့အစည်းမှာလဲ ချင်းချန်ကိုပစ်မှတ်ထားတဲ့လူတွေရှိတယ် လို့ဆိုလိုချင်တာလား "

ခေါင်းဆောင်ယောင်ဂွမ် ထိုစကားကိုပြောပြီးသည်နှင့် လေအေးများကိုမှုတ်ထုတ်ကာ လေးနက်စွာစဥ်းစားလိုက်သည်။

" ငါအစကမယုံပေမဲ့ အခုချိန်မှာ သေချာစဥ်းစားကြည့်ရင် သံသယဖြစ်စရာတွေကအများကြီးပဲ "

သို့သော်တစ်ခဏအတွင်း သူခေါင်းကိုခါယမ်းလိုက်၏။

" ဒါပေမဲ့ဆရာကတော့ လုံးဝမဖြစ်နိုင်ဘူး "

" ဒါကနင့်ရဲ့ဆရာလို့ ငါပြောလိုတာမဟုတ်ဘူး၊ ဒါပေမဲ့အခုရောက်လာတဲ့လူတွေက ပြဿနာရှိတယ် သတိထားပါ "

ဂန်ဟန်အင်ပါယာနန်းတော်သခင်မ အေးစက်စွာဖြင့်လေထုထဲသို့စိုက်ကြည့်ရင်း လေးနက်စွာပြောလိုက်သည်။

" ဘာပဲပြောပြော ဒီတစ်ခေါက်ရည်ရွယ်ထားတဲ့ကိစ္စကတော့ပြီးသွားပြီ၊ ဒီ

အဖြစ်အပျက်အပြီးမှာ အရှေ့ပိုင်းကောင်းကင်ဘုံကို အာရုံစိုက်နေတဲ့အဖွဲ့ အစည်းတွေအကုန်လုံးကလဲ ငြိမ်သက်သွားမှာပဲ၊ ပြီးတော့ယိုမီအိမ်တော်က လဲ အလွယ်တကူနဲ့ ဂန်ဟန်အင်ပါယာကို ထပ်ပြီးမတိုက်ခိုက်ရဲတော့ဘူး "

ကောင်းကင်ထက်တွင်တော့ ထျန်းဂေါင်လက်နက်ပညာရှင်အဖွဲ့အစည်း ဌာနချုပ်၏ အနက်ရောင်စစ်သင်္ဘောကပျံသန်းနေ၏။

ရန်လောင်သည် အကြီးအကဲထျန်းရန်ရှေ့သို့ရောက်ရှိလာပြီး မျက်မှောင်ကြုတ်လိုက်သည်။

" အကြီးအကဲထျန်းရန် ဘာလို့စောစောက ကျွန်တော်ကိုတားလိုက်တာ လဲ၊ ဒီကောင်ယောင်ဂွမ်က ဘယ်လောက်ပဲသန်မာနေပါစေ ကျွန်တော်သာ လှုပ်ရှားရင် သူ့ကိုတစ်ခဏလေးနဲ့ဖိနှိပ်နိုင်တယ် "

" ပြီးရင်ချင်းချန်ကိုခေါ်ပြီးတော့ ဌာနချုပ်ကိုပြန်ဖို့လုပ်ရုံပဲ၊ ဂန်ဟန်အင်ပါ ယာနန်းတော်က ကျွန်တော်တို့ကိုတားဖို့ တကယ်ပဲသတ္တိရှိတယ်လို့ထင်နေ တာလား "

အေးစက်သောလူသတ်ငွေ့များက ရန်လောင်၏ခန္ဓာကိုယ်ပေါ်တွင်ထွက် ပေါ်နေပြီး အကြီးအကဲထျန်းရန်အားပြောလိုက်၏။

အကြီးအကဲထျန်းရန်ကခေါင်းခါယမ်းလိုက်သည်။

" ရန်လောင် မင်းကစိတ်မြန်လွန်းတယ်၊ ငါပြောတာက မင်းတစ်ဖက်လူ ကိုစမ်းသပ်ဖို့ပဲပြောတာ၊ ဒီလိုမျိုးဒဲ့တိုးတိုက်ခိုက်ဖို့မဟုတ်ဘူး "

***